***မြတ်စွာဘုရားရှင်၏ လက္ခဏာတော် (၃၂)ပါး ဘုရားရှိခိုး***

၁။ ဖဝါးတော် ညီညာကြောင်း
ဘဂထိုထို၊ ရှေးအဟိုဂယ်၊ ကုသိုလ်ပွားလူ၊ တရားထူ၌၊ စူစိုက်မြဲလျက်၊ ဆောက်တည်ချက်ကို၊ တားဖျက်မနိုင်၊ ကြံ့ခိုင်ခဲ့ခြင်း၊
ကောင်းမှုရင်းကြောင့်.. ၊ ရွှေခြေနင်းဟန်၊ နင်းပြန်အတူ၊ ကြွမူမခြား၊ ဖဝါးတော်ညီညာ၊ လက္ခဏာတော်၊ အာနဘော်ဖြင့်..၊
ကျူးကျော်ပွဲစား၊ လှုပ်ချောက်ချားအောင်၊ စွမ်းအားရှိမူ ဘယ်ရန်သူမျှ၊ မပြုပွဲ့ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၂။ ဖဝါးတော်ဂယ် တရာ့ရှစ်ကွက်စက်လက္ခဏာ ပါရှိကြောင်း
သူ့ချမ်းသာဆောင်၊ မကြောက်အောင်ရှယ်၊ လှူဒါန်းကြောင့်...၊ ဂန်းရံပတ်လျက်၊ ရာ့ရှစ်ကွက်ဖြင့်၊ မြချက်ပုံတောင်း၊
အကွပ်ဆောင်း၍ ထောင်းပေါင်းအကန့်၊ ရှင်းသန့်ပြတ်သား၊ ခြေတော်ဖဝါး၌၊ ကြီးမားတေဇော်၊ စက်တော်ရတနာ၊
လက္ခဏာဖြင့်၊ မကွာခစား၊ ထံတော်ပါးဂယ်၊ များသောအခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၃။ ဖနောင့်တော် လက်ချောင်း ခြေချောင်းတော်သွယ်ရှည်၍ ဖြောင့်မတ်သောကိုယ်ရှိကြောင်း
ခြပုန်းပိုးရွ၊ စသည်မကြွင်း၊ သတ်ဖြတ်ခြင်းကို၊ အလျှင်းမပြု၊ ဤကောင်းမှုကြောင့်...၊ ဖနောင့်လက်ချောင်း၊
ခြေချောင်းသွယ်ရှည်၊ ဖြောင့်သည်ကိုယ်မှာ၊ လက္ခဏာဖြင့်...၊ မေတ္တာမပွား၊ တဖက်သားတို့၊ တုတ်ဓားဆောင်ယူ၊
သတ်လိုမူလည်း၊ ဘယ်သူမစွမ်း၊ ဘေးဘျမ်းမရှိ၊ ပကတိအသက် ရှည်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၄။ ခုနစ်ဌာန အသားတော်ပြည့်ဖြိုးကြောင်း
ချိုမြိန်ကောင်းမြတ်၊ ရသာဓာတ်ကို ဆပ်ကပ်ပူဇော်၊ လှူဘူးသောကြောင့်...၊ ခြေတော်ဖမိုး၊ လက်ဖမိုးတော်၊ ပခုံးတော်နှင့်၊ ကုပ်
(ဂုတ်)တော်ခုနစ်ချက်၊ စုံ့လျက်ဖြိုးဖြိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးရင်တော်၊ ခုနစ်ဖော်လည်း၊ ရှုမျှော်မညှိုး၊ ဆူဖြိုးတင့်စွာ၊
လက္ခဏာဖြင့်...၊ အရသာဓာတ်၊ ထူးအမြတ်ကို၊ မပြတ်သုံးဆောင်တော်မူရပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၅။ လက်ခြေနူးညံ့၍ ဌေဇာကွန်ရက်ခက်သကဲ့သို့ ရှိတော်မူကြောင်း
ချစ်ဖွယ်စကား၊ ပေးကမ်းငြား၍ စီးပွားဆောင်လင့်၊ ကိုယ်တူကျင့်ဟု၊ လေးဆင့်သင်္ဂြိုလ်၊ သူ့ကိုယထက်ထား၊
ကောင်းမှုအာကြောင့်၊ လက်ဖဝါးနှင့်၊ ခြေဖဝါးပါ၊ နူးညံ့စွား၏ ၊ ရှစ်ဖြာလက်ချောင်း၊ ဆယ်ချောင်းခြေတော်၊ ညီမျှသော်ကြောင့်၊
မုယော်တွင်လစ်၊ အတွင်းဆစ်၌၊ ရေးရစ်ဖြောင့်လေ့၊ စပါးစေ့များ၊ ပွတ်တံခါးသို့၊ ဖြောင့်သားညီညာ၊ လက္ခဏာဖြင့်၊
ကောင်းစွာသိမ်းဆည်း လုံစည်းပေါင်းစု၊ လက်တွင်းပြုအပ်၊ ပရိတ်သတ်သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

၆။ ဖမျက်တော်မြင့်၍ မွေးညှင်းတေ်ပျံကြောင်း
ကြောင်းကျိုးဖော်ပြ၊ မြတ်ဓမ္မကို၊ မိန့်ဟဟောကျူး၊ ပြုခဲ့ဘူး၍၊ မြင့်စူးဖမျက်၊ ရွှေမျက်ခွက်ကို၊ မော့လျက်ဖူးဟန်၊
မွေးညှင်းပျံသည့်၊ နစ်တန်ခြင်းရာ၊ လက္ခဏာဖြင့်၊ သတ္တဂါအားလုံး၊ လူတဖြုံးကို၊ လွှမ်းဖုံးပိုမောက်၊ အခေါင်ရောက်သဖြင့်၊
ပါမောက်တဆူ၊ ဖြစ်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

၇။ ဇေကီမည်သောသား (တစ်နည်း - စပါးဖုံး) ကဲ့သို့လုံးဂန်း တင့်တယ်သောသလုံးတော်ရှိကြောင်း
နှုတ်မှုပညာ၊ လက်ပညာကို၊ ကောင်းစွာပို့ချ၊ သင်ခဲ့ပြ၍၊ တောဂမြိုင်ဖျား၊ ဇေကီသားသို့၊ စပါးဖုံးဟန်၊ လုံးလျားတင့်တယ်၊

သလုံးတော်ချယ်သဖြင့်၊ သုံးဖွယ်သုံးရား၊ အဖြာဖြာကို၊ မြန်စွာခဏ၊ ရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၈။ သိမ်မွေ့သော အရေတော်ရှိကြောင်း
ရဟန်းပုဏ္ဏား၊ သူမြတ်များကို၊ ခစားဆည်းကပ်၊ သို့ပြုအပ်မည်၊ မအပ်မည်ကို၊ စိတ်ကြည်ညွှတ်နူး၊ မေးခဲ့ဘူး၍၊ နူးညံ့အရေ၊ ပိန်းကြာရွေ့တွင်၊ ရေမတင်သို့၊ မြူလျှင်ကင်းဝေး၊ ညစ်ကြေးမလိမ်း၊ ခပ်သိမ်းသတ္တဂါ၊ လောကဓာဂယ်၊ ပညာသာသူ၊ တူသူကင်းပြီး၊ ပညာရှိကြီးတစ်ဆူ ဖြစ်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၉။ ရွှေရောင်မယွင်း ဂါဂင်းသောအဆင်းရှိကြောင်း
ချိုးဖဲ့နိပ်စက်၊ ဆိုတုံလျက်လည်း၊ အမျက်မလို၊ စိတ်မတိုခဲ့၊ ကြည်ညိုချမ်းမြေ့၊ ချော့မွေ့နမွှတ်၊ အဂတ်အရုံ၊ အခြံအခင်း၊ လျှုခဲ့ခြင်းကြောင့်၊ အဆင်းအရေ၊ ဇမ္ဗူရွှေသို့၊ လျှံဝေဂင်းဂါ၊ လက္ခဏာဖြင့်၊ ဖဲဂါကတ္တီ၊ သိုးမွေးထည်နှင့်၊ ပိုးထည်နပျောင်း၊ ထည်လိပ်ကောင်းကို၊ လူပေါင်းပြဟ္မာ၊ နတ်ဒေဂါတို့ များစွာကပ်လှူ မပြတ်ရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၁၀။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သည့် ယောကျ်ားနိမိတ် ရှိတော်မူကြောင်း
မိသားအဖ၊ မောင်နမဟု၊ သဟာယချင်း၊ ကွေကွင်းခဲ့ရာ၊ တွေ့အောင်ရှာ၍၊ ကောင်းစွာထပ်ကြပ်၊ ပေါင်းစပ်ခဲ့ဘူး၊ ကောင်းမှုထူးကြောင့်၊ ဆင်မှူးဆဒ္ဒန်၊ ပုံသဏ္ဍာန်သို့၊ နေဟန်တင့်ဆုံး၊ အိမ်ဖုံးစေ့စပ်၊ သပ်ယပ်ထင်ရှား၊ ယောကျ်ားနိမိတ်၊ တံဆိပ်ပြီးစွာ၊ လက္ခဏာဖြင့်၊ များစွာစုပေါင်း၊ ထောင်သောင်းမက၊ သားကောင်းရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၁၁။ အလံအရပ် ညီမျှ၍ ရပ်တော်မူလျက် မညွှတ်ပဲ ဒူးဂန်းတော်ကို သုံးသပ်တော်မူနိုင်ကြောင်း
ပုဂ္ဂိုလ်ယုတ်မြတ်၊ ရွေးချယ်လတ်၍၊ လျောက်ပတ်သင့်လျော်၊ ပူဇော်ခဲ့ဟန်၊ ကောင်းမှုကံကြောင့်၊ အလံအရပ်၊ ညီလတ်ရွှန်းရွှန်း၊ ပညောင်းဂန်းသို့၊ ဂန်းသောကိုယ်တော်၊ ရပ်တော်စူးစူး၊ မညွှတ်ဦးပဲ၊ ရွှေဒူးဂန်းပေါ်၊ လက်ဂါးတော်ဖြင့်၊ သုံးသော်မှီလောက်၊ ကိုယ်ထက်အောက်လည်း၊ အပေါက်အဆက် ညီလျက်အမျှ၊ ကုန်းမကွတည့်၊ ပုဏ္ဏကာယာ၊ လက္ခဏာဖြင့်၊ သဒ္ဓါ၊ သီလ၊ သုတ စာဂ၊ ပညာ ဟိရီ၊ ဩတ္တပ္ပိဟု၊ ခုနှစ်လီဉစ္စာ၊ ရတနာသာရ၊ မြတ်ဓနဖြင့်၊ ကြွယ်ဂချမ်းသာတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၁၂။ ကိုယ်တော်ပြည့်ဖြိုး၍ ရေစီးကြောင်းမထင် ကျော်ပြင်ရှိခြင်းနှင့် လည်တိုင်ဖြိုးတော်မူကြောင်း
သူတစ်ပါးကို၊ ကောင်းစေလို၍၊ ကုသိုလ်ပညာ ဥစ္စာဓနေ၊ သဟာယများ၊ ဘယ်သို့ပွားအံ့၊ သူ့အားတောင့်တ၊ ကြောင့်ကြခဲ့ဟန်၊ ကောင်းမှုကံကြောင့်၊ မြိုင်ယံပျော်မွေ့၊ ရွှေခြင်္သေ့၏ ရှေ့ထက်ဂက်ကိုယ်၊ ပမာလိုလျှင်၊ ကိုယ်တော်အောင်မောင်း၊ ရေစီးကြောင်းမထင်၊ ရွှေကျောပြင်နှင့်၊ စည်သွင်မုရိုး၊ ပြည့်ဖြိုးလုံးခြင်း၊ လည်းပင်းသပ္ပါယ်၊ ဤသုံးသွယ်ဖြင့်၊ ဤဂယ်လောကီ၊ ဤသည်လောကုတ်၊ ဂုဏ်ပေါင်းချုပ်သော်၊ ယုတ်လျော့ခြင်းရာ၊ မထင်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။
(သာဓု၊ သာဓု၊ သာဓု)

၁၃။ အရသာကြော (၇၀၀၀) တို့ အဖျားထောင်၍ လည်၌စွပ်လျက်ရှိကြောင်း
သတ္တဂါခပင်း၊ မညဉ်းဆဲရှောင်၊ ကုသိုလ်ဆောင်၍ ခုနစ်ထောင်သော၊ ရသာကြောများ၊ အဖျားချင်းအပ်၊ လည်မှာစွပ်၍၊ မီးဓာတ်ဂဟဏီ၊ ဇီရဏီလည်း၊ အညီချက်ချေ၊ အစာကြေသဖြင့်၊ ထွေထွေရောဂါ၊ ကင်းရှင်းကွာသည်၊ ကျန်းမာတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

(သာဓု၊ သာဓု၊ သာဓု)

၁၄။ မျက်လုံးတော်အလွန်ညိုဍ မျက်တောင်မွေးတော် အလွန်နကြောင်း
မျက်စောင်းမထိုး၊ မကျိုးမျက်မှောင်၊ ဖြောင့်ဖြောင့်ချစ်ကြည်၊ ကြည့်ခဲ့သည်ကြောင့်..၊ ညိုကြည်မျက်လုံး၊ အံ့မဆုံးအောင်၊ ရွှေမျက်တောင်မွေး၊ သွယ်သေးနစွာ၊ လက္ခဏာဖြင့်၊ ပီယာသိဒ္ဓိ၊ နတ်ဆေးရှိသို့၊ တြိ..ဘုံခန်း၊ ရဟန်းလူများ၊ သိကြား၊ ဗြဟ္မာ၊ နတ်သူရာဟု၊ သတ္တဂါထိုထို၊ ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား... ။
(သာဓု၊ သာဓု၊ သာဓု)

၁၅။ သင်းကျစ်တော်အသားလျှာပါရှိကြောင်း
ကုသိုလ်တရား၊ ဟူသည်များ၌၊ ရှေ့သွားအမှူး၊ ဦးစီးခေါင်းခံ၊ ဆော်စီမံဖူး၊ ကောင်းမှုထူးကြောင့်..၊ နဖူးတော်ဂယ်၊ ရွှေပြားခြယ်သို့၊ တင့်တယ်လှစ်လှစ်၊ အသားစစ်မှ၊ သင်းကျစ်တော်လျှာ၊ လက္ခဏာဖြင့်၊ သတ္တဂါထိုထို၊ များလူဗိုလ်တို့၊ ကိုယ်တော်နောက်၌၊ စိုက်စိုက်မကွာ၊ လိုက်ရပါသော မြတ်စွာဘုရား မြတ်စွာဘုရား..။
(သာဓု၊ သာဓု၊ သာဓု)

၁၆။ မွေးတွင်းတော်တစ်ခုတစ်ခု၌ မွေးညှင်းတစ်ပင်စီနှင့် နဖူးတော်၌ မွေးညှင်းတစ်ပင်စီနှင့် နဖူးတော်၌ ဥဏ္ဏာလုံမွေးရှင်တော်ပါရှိကြောင်း
မလိမ်မထောင့်၊ သစ္စာစောင့်၍ ရိုးဖြောင့်မှန်စင်း၊ တရားရင်းကြောင့်၊ မွေးတွင်းတစ်ခု၊ မွှာမစုဘဲ၊ တစ်ခုစီတွင်၊ တစ်ပင်စီသာ၊ ရှင်းစွာသင့်လျော်၊ မွေးညှင်းတော်နှင့်၊ မျက်မှောင်တော်နှစ်ဘက်၊ အလယ်ချက်ဂယ်၊ လံဂက်လောက်မျှ၊ ဆွဲကရှည်လာ၊ လွှတ်လိုက်ပါမူ၊ လက်ျာရစ်ခွေ၊ ဖြူရောင်ဝေသည့်၊ ရွှေနဖူးဂယ်၊ သောက်ရှူးကြယ်သို့၊ နနယ်ဝွမ်းပုံ၊ ဥဏ္ဏာလုံဖြင့်၊ သုံးဘုံလူဗိုလ်၊ ကိုယ်တော်စိတ်ကြိုက်၊ အလိုလိုက်ခါ၊ ပါရပါသော မြတ်စွာဘုရား မြတ်စွာဘုရား.. ။
(သာဓု၊ သာဓု၊ သာဓု)

၁၇။ သွားတော် (၄၀) စေ့၍ သွားတော်မကျဲ သိပ်သည်းစေ့စပ်ကြောင်း
ကုန်းတိုက်စကား၊ ကြဉ်ရှောင်ရှား၍၊ ကွဲပြားမကပ်၊ ကြားစေ့စပ်သဖြင့်၊ စေ့စပ်ပြီးကို၊ မြဲအောင်ဆိုခဲ့၊ ထိုကုသိုလ်တော်၊ နှိုးပင့်ဆော်၍..၊ သွားတော်လေးဆယ်၊ ပြည့်ဖြိုးကြွယ်လျက်၊ သေးသွယ်စိပ်စိပ်၊ သိပ်သိပ်ထူထဲ၊ မကျဲသွားမှာ၊ လက္ခဏာဖြင့်၊ ညီညာမြဲစွဲ၊ သူပင်ခွဲလည်း၊ မကွဲပြိုနိုင်၊ ကြံ့ခိုင်စေ့စပ်၊ ပရိသတ်သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား.. ။
(သာဓု၊ သာဓု၊ သာဓု)

၁၈။ ရှည်ပြန့်နူးညံ့သော လျှာတော်နှင့် အင်္ဂါရှစ်တန် ဗြဟ္မာသံ ကရဝိတ်သံရှိကြောင်း
သူ့နားမချမ်း၊ ကြမ်းကြမ်းကြုတ်ကြုတ်၊ အယုတ်တမာ၊ မဆိုပါပဲ၊ ချိုသောကြည်၊ ဆိုခဲ့သည်ကြောင့်..၊ လျှာရှည်ကြီးပြန့်၊ လျှာနူးညံ့လျှက်၊ ရှင်းသန့်ချိုသာ၊ သီသာနာဖွယ်၊ ပွဲလယ်မထွက်၊ လုံး-နက်-ပွဲ့တင်၊ အင်္ဂါရှစ်တန်၊ ဗြဟ္မာကရဝိတ်၊ ကောင်းဟိတ်သံသာ၊ လက္ခဏာဖြင့်၊ ဆိုခါရင့်ကျူး၊ စကားစု၍၊ အထူးလိုက်နာ၊ သြဇာပြန့်လှိုင်၊ အာဏာထူး ပိုင်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား.. ။
(သာဓု၊ သာဓု၊ သာဓု)

၁၉။ လဆန်း (၁၂)ရက် လနှင့်ခြင်္သေ့မင်း၏မေးသကဲ့သို့ ဖြိုးသောမေးတော်ရှိကြောင်း
အနှစ်မဆံ၊ ယူရန်ကင်းလျော့၊ အသောအဖျင်း၊ ပြောခြင်းမလေ့၊ ကုသိုလ်ငွေ့ကြောင့်.. ၊ ခြင်္သေ့မင်းလို၊ ရွှန်းစိုပုံ့ပုံ့၊ ဖြိုးစုန့်စုန့်လျှင်၊ ပြုံးတော့မည်ပုံ၊ ဆန်းတုန်ဆယ့်နှစ်ရက်၊ စန်းယုန်စက်သို့၊ ရောင်ယှက်ထွန်းပေါ်၊ မြတ်မေးတော်ဖြင့်၊ ကျူးကျော်ဘယ်သူ၊ တစ်ယောက်လူမျှ၊ ကလူနိုင်ထက်၊ မချိုးဖျက်နိုင်ပသော မြတ်စွာဘုရား မြတ်စွာဘုရား.. ။
(သာဓု၊ သာဓု၊ သာဓု)

၂၀။ ညီညွတ်သောသွားတော်နှင့် ဖြူဖွေးသော စွယ်တော်လေးဆူရှိကြောင်း
ကြီးငယ်တောင်းလျှင်၊ ချိန်ခွင်တိုရှည်၊ လိမ်လည်လုယက်၊ ခိုးနိုပ်စက်၍၊ အသက်မွေးခြင်း၊ ကင်းခဲ့သောကြောင့်..၊ မခေါ်မသီ၊
စိန်ကိုစီသို့၊ ပြေညီသွားတော်၊ စွယ်တော်လေးဆူ၊ ဆွတ်ဆွတ်ဖြူသား၊ ကိုယ်တော့သွား၏၊ နှစ်ပါးခြင်းရာ၊ လက္ခဏာဖြင့်၊
ယုတ်မာကောက်ကျစ်၊ ဆိုးညစ်သောသူ၊ မပါမူ၍၊ ဖြောင့်ဖြူးသပွါယ်၊ လ-ဥ-ကြယ်သို့ စင်ကြယ် အခြံအရံရှိတော်မူပါသော
မြတ်စွာဘုရား မြတ်စွာဘုရား.. ။
(သာဓု၊ သာဓု၊ သာဓု)

*နိဂုံးချုပ်လက္ခဏာတော်ဘုရားရှိခိုး
ဤသို့ကောင်းမူ၊ ကိုယ်တော်ပြု၍၊ ယခုအခါဂယ်၊ သုံးဆယ်နှစ်ပါး၊ ယောက်ျားအင်္ဂါ၊ လက္ခဏာဖြင့်၊ စကြာသခင်၊
ဖြစ်မည့်လျှင်တည့်၊ စက်-ဆင်-မြင်း-မြ၊ မ-ဌေး-သား-ဟု၊ ခုနှစ်ပါးရတနာ၊ သားမှာတစ်ထောင်၊ လေးကျွန်းဘောင်ဂယ်၊
ဘုန်းခေါင်စက္ကဂတ်၊ မချွတ်ဖြစ်မည်၊ လျှောက်တင်သည်ကို၊ မထီမလေး၊ တံတွေးပေါက်နယ်၊ စွန့်ပစ်ပယ်၍၊
သောင်းနယ်လောကဓာတ်၊ လွှံ့ပတ်ကြေညာ၊ မဟာဓမ္မရာဇ်၊ မင်းဆုံးဖြစ်လျက်၊ ရေစစ်တွက်ကျုံးအံ့မဆုံးအောင်၊
ဘုန်းတော်ခြောက်စုံ၊ ဘုန်းတော်အနန်၊ ဉာဏ်တော်ဖြာဖြာ၊ လက္ခဏာနိသင်၊ အမြဲဆင်သော၊ ရှင်ပင်ဘုရား၊ ကိုယ်တော်အားကို၊
ကိုးစားကြပ်ကြပ်၊ မြဲဆည်းကပ်လျက်၊ တုပ်ဂပ်ရှိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား.. ။
(သာဓု၊ သာဓု၊ သာဓု)